## ၇-၂ (ဃ) တရုတ်

ဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ အေဒီ ၁ ရာစု ပတ်ဝန်းကျင်ခန့်ကပင် အာရှအလယ်ပိုင်းမှ တဆင့် ရောက်ရှိ ခဲ့ဟန်ရှိပေသည်။ (အချို့သော ရိုးရာ စကားစဉ်အရ **အာသောက** စိုးစံနေစဉ် ကတည်းကပင် ရဟန်းတော် တစ်ပါးသည် တရုတ်ပြည်သို့ ရောက်လာခဲ့သည်ဟု ဆိုပေသည်)။ သို့သော် အေဒီ ၈ ရာစုတွင်မှ ဗုဒ္ဓဘာသာ အား ပြင်းပြင်းထန်ထန်လှုပ်ရှားသည့် ပင်မဌာန ဖြစ်လာခဲ့ပေသည်။

အေဒီ ၆၇ တွင် ရဟန်းတော်နှစ်ပါးဖြစ်သည့် **မွတ်တို** နှင့် **ချူဖန်လန်**တို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ တရားဝင် မိတ်ဆက်ခဲ့ပေသည်။ အေဒီ ၆၈ ခုနှစ်တွင် ဧကရာဇ်ပြည့်ရှင်၏ ကာကွယ်စောင့် ရှောက် မှုအောက်၌ ဧကရာဇ်နေပြည်တော် **လူအိုယန်း**နှင့် နီးကပ်သည့် အရပ်၌ ယနေ့တိုင်တည်ရှိနေသည့် ဝတ်ကျောင်းဖြူ (白馬寺) ကို တည်ဆောက်ခဲ့ပေသည်။ အေဒီ ၂ ရာစု အကုန်ခန့်တွင် (ဗုဒ္ဓကျေးရွာ) အသိုက်အမြုံကို **ပင်ရှန်**အရပ် (ယနေ့ ယူဇောင်၊ ဂျင်ဇု) ၌ အောင်မြင်စွာ တည်ထောင်ခဲ့ပေသည်။

ပထမဦးဆုံး မဟာယန ဝိညာဏ ရေးရာ တရုတ်ဘာသာ ပြန်ကျမ်းကို **ကုရှန်** ရဟန်းတော် **လောကဆီမာ** က အေဒီ ၁၇၈ နှင့် ၁၈၉ တွင်၌ **လူအိုယန်း**၌ ပြုစုခဲ့ပေသည်။ အစောဦးဆုံး ဗုဒ္ဓယာဉ်ကျေးမှု လက်ရာ အဖြစ် တရုတ်ပြည်တွင် တွေ့ရှိရသည်မှာ သေးငယ်သည့် (ပန်းချီ) ငွေပဒေသာပင် (အေဒီ ၂၀၀) ပင်ဖြစ်၍ ဂန္ဓရဒေသ ပုံစံနမူနာ ဖြစ်ပေသည်။

အသစ်ရောက်လာသည့် ဂန္ဓရမှ ဩဝါဒ နှင့်အအတူ ဆင်းတုတော်များက၊ ထောင့်မတ်သေရှာ သပ်ယပ်စွာ သော ဆံ၊ မုတ်ဆိတ်၊- သပိတ်အတွက် စနစ်တကျ ခေါက်သားကျ ရုံထားသော သင်္ကန်းဖြင့် ထွင်းထုထား သော ဤငွေပဒေသပင် ဗုဒ္ဓဆင်းတုသည် ရှေးဦးဂန္ဓရ လက်ရာများကို ပုံဆောင်ကြောင်း ခိုင်မာစွာ ထောက်ပြ နေပေသည်။ ("Crossroads of Asia" p209)



မေတ္တာယျ ဗုဒ္ဓ (မြောက်ပိုင်း **ဝိုင်း** အေဒီ ၄၄၃)

ဗုဒ္ဓဘာသာသည် တန်မင်းဆက် (အေဒီ ၆၁၈-၉၀၇) အစပိုင်းတွင် အားသစ်လောင်းခဲ့ပေသည်။ ဤမင်းဆက် အား နိုင်ငံရပ်ခြားမှ ရိုးရာယဉ်ကျေးမှုများက ပွင့်လင်းစွာ ကူးစက်ခဲ့၍၊ အေဒီ ၄ ရာစုမှ ၁၁ ရာစုအတွင်း မြောက် များစွာသော တရုတ် ဗုဒ္ဓရဟန်းတော်များ၏ ခရီးသွားမှုများကြောင့် အိန္ဒိယ ရိုးရာယဉ်ကျေးမှုများဖြင့် ကူးလူးမှု မှာ ပြန်လည် ရှင်သန်ခဲ့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တန်နေပြည်တော် ချန်ဂင်းန် (ယနေ့– ဇီအင် Xi'an)သည် ဗုဒ္ဓ အတွေး အခေါ် များ၏ အဓိက ပင်ရင်းဒေသ ဖြစ်လာခဲ့သည်။ ထိုမှတဆင့် ဗုဒ္ဓဘာသာသည် ကိုးရီးယားနှင့် ကင်တိုရှိ သံတမန် များ၏ အကူအညီဖြင့် ဂျပန်သို့ အချေချခွင့် ရရှိခဲ့ပေသည်။ သို့သော်လည်း တန်မင်းဆက်၏ နောက်ဆုံးပိုင်း များတွင် နိုင်ငံရပ်ခြား ယဉ်ကျေးမှု လွှမ်းမိုးခြင်းများအား အားမပေးတော့ဘဲ တန်ဧကရာဇ် **ဝူဇောင်**က အေဒီ ၈၄၅ တွင် နိုင်ငံခြား ဘာသာတရားအားလုံး (ခရစ်ယာန် နစ်တိုရီယန်ဝါဒ၊ ဇိုရိုအက်စတာဝါဒ၊ နှင့် ဗုဒ္ဓဝါဒများ အပါအဝင်) ကို တရားမဝင် ဟု ကြေငြာကာ၊ တိုင်းရင်း ဘာသာ တာအိုဝါဒအား ထောက်ပံ့ခဲ့ပေသည်။ သူ၏ အုပ်ချုပ်မြေအနှံ့ ဗုဒ္ဓဘာသာဝင်တို့၏ ပိုင်ဆိုင်မှုများကို ပြည်သူပိုင်သိမ်းခြင်း၊ ဘုန်းကြီးကျောင်းများ၊ သာသနိက အဆောက် အအုံများကို ဖျက်ဆီးခြင်း၊ ဗုဒ္ဓရဟန်းတော်များကို ကွပ်မျက်ခြင်းများကြောင့် ဗုဒ္ဓဘာသာ၏ ရိုးရာ ယဉ်ကျေးမှုများနှင့် အတွေးအခေါ် လွှမ်းမိုးမှုများမှာ အဆုံးသတ်ခဲ့ရပေသည်။
သို့သော်လည်း ဗုဒ္ဓဘာသာအား အကြီးအကျယ်နှိပ်ကွပ်ခဲ့ပြီး နှစ်တစ်ရာ နောက်ပိုင်း ဆွန် မင်းဆက် (အေဒီ ၁၁၂၇–၁၂၇၉) လက်ထက်တွင် ဗုဒ္ဓဘာသာသည် ပြန်လည် ရှင်သန်ခွင့် ရခဲ့ပြန်သည်။ သန့်ရှင်းရာမြေနှင့် ချန် ဗုဒ္ဓဝါဒသည် ရာစုတစ်ချို့ ဆက်လက်ရှင်ခွင့် ရခဲ့ဟန်ရှိပြီး နောက်ပိုင်းတွင် ထိုမှ ဂျပန် ဇင် ဗုဒ္ဓဝါဒအဖြစ် ထွန်းကား ခဲ့ပေသည်။ တရုတ်ပြည်တွင် ချန်ဗုဒ္ဓဝါဒသည် ဆွန်မင်းဆက် (အေဒီ ၁၁၂၇– ၁၂၇၉) တွင် အားသစ်လောင်းခွင့် ရခဲ့ပြီး၊ ၎င်း၏ ဘုန်းကြီးကျောင်းများသည် ယဉ်ကျေးမှုနှင့် ပညာသင်ကြားရေး ဗဟိုဌာနကြီးများ ဖြစ်ခဲ့ပေသည်။

ယနေ့ခေတ်တွင် တရုတ်ပြည်က သူတို့သည် ကမ္ဘာပေါ်တွင် ဗုဒ္ဓလက်ရာများနှင့် အမွေအနှစ်များကို စုဆောင်း အရမိဆုံး တိုင်းပြည်များအနက်မှ ဖြစ်သည်ဟ ဂုဏ်ဖေါ်လျှက် ရှိပေသည်။ တန်မင်းဆက် လက်ထက် အေဒီ ၈ ရာစုတွင်းက တည်ဆောက်ခဲ့သော မြစ်သုံးစင်း ဆုံရာမှ စိုက်ကြည့်နေဟန် **လက်ရှန် မဟာဗုဒ္ဓဆင်းတုတော်**မှာ လက်ရှိအထိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဆင်းတုတော်ပင် ဖြစ်၍၊ **ဂန်ဆု** အပိုင် **ဒန်းဟွန်**အနီးရှိ **မွတ်ဂို** လှိုင်ဂူ၊ **ဟန်နန်** အပိုင် **လူအိုယန်း** အနီးရှိ **လောင်းမင်း ဂရွတ်တို့စ်** နှင့် **ဝွန်ကွင်း** အနီး **ဒါဇူ** ကျောက်ပန်းခုံးများမှာ အရေးပါ ဆုံးသော ဗုဒ္ဓယဉ်ကျေးမှု လက်ရာများ ဖြစ်သည်ဟု ယူနစ်စကို ကမ္ဘာ့ အမွေအနှစ် ဆိုင်ရာ ဆိုက်မှ ဆိုပေသည်။

## ၇–၂ (င) ကိုးရီးယား

ဗုဒ္ဓဘာသာသည် ကိုးရီးယားသို့ အေဒီ ၃၇၂ ဝန်းကျင်ခန့်တွင် တရုတ် သံအမတ်များ၏ ကိုးရီးယား ဘုရင့်နိုင်ငံ **ဂိုဂွာယိယို** ထံသို့ အလည်ခရီးတွင် ကျမ်းဂန်များ ဆင်းတုတော်များကို ဆောင်ကြည်း သွားခြင်းဖြင့် စတင် မိတ် ဆက်ခဲ့ပေသည်။။ ကိုးရီးယားတွင် အထူးသဖြင့် အေဒီ ၇ ရာစုမှ စတင်သော ဇင်ဗုဒ္ဓဝါဒ ထွန်းကားခဲ့ ပေသည်။ အေဒီ ၁၃၉၂ ခုနှစ် ယီမင်းဆက်၏ ကွန်ဖြူရှင် အစပိုင်း **ဂျိုစီအွန်** ကာလတွင် ဗုဒ္ဓဘာသာသည် အကြီးအကျယ် ခွဲခြားခြင်းကို ခံခဲ့ရသော်လည်း ဇင်ဝါဒ ဆောင်ရွက်မှုများမှာ ချွင်းချက်ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com